အာအက်ဖ်အေ
၂၃-၀၁-၂၀၀၄ (မနက်ပိုင်း)

## ကချင်ပြည်နယ်ခရီးစဉ်နဲ့ပတ်သက်ပြီး အဖမ်းခံခဲ့ရသည့် အန်အယ်လ်ဒီအဖွဲ့ဝင်အားလုံးအား ပြန်လွှတ်ပေးလိုက်ပြီ

၂၀၀၃ ခုနှစ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကချင်ပြည်နယ်ခရီးစဉ်နဲ့ပတ်သက်ပြီး အဖမ်းခံခဲ့ရတဲ့ အန်အယ်လ်ဒီ အဖွဲ့ဝင် အားလုံးကို မကြာခင်က ပြန်လွှတ်ပေးလိုက်ပြီလို့၊ ကချင်ပြည်နယ် အန်အယ်လ်ဒီအတွင်းရေးမှူးက အာအက်ဖ်အေကို ပြောပြပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အတွင်းရေးမှူးဦးနေဝင်းက

**ဖြေ။** ။ ၁၆ရက်နေ့က လွှတ်ခဲ့ပါတယ်။ ကျွန်တော်တို့ဥက္ကဋ္ဌ ဦးလှစိုင်း၊ တွဲဖက်အတွင်းရေးမှူး ဦးနိုင်ဇော်ဝင်း၊ မြို့နယ်စည်းကော်မတီထဲက ဦးရာမော၊ ဒေါ်ငွေကြိုင်၊ ဦးတင်စိုး၊ ဦးကွာနော်ထက်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကချင်ပြည်နယ်ခရီးစဉ်နဲ့ပတ်သက်ပြီး အဖမ်းခံရသူ အားလုံးလိုလို ပြန်လွှတ်လိုက်ပြီဖြစ်တဲ့ အကြောင်း၊ အတွင်းရေးမှူးဦးနေဝင်းက ပြောပြသွားတာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကချင်ပြည်နယ်ခရီးစဉ်၊ စစ်ကိုင်းခရီးစဉ်တွေနဲ့ပတ်သက်ပြီး တစ်ပြည်လုံးမှာ အဖွဲ့ချုပ်ဝင်အတော်များများကို ၂၀၀၃ ခု၊ ဇွန်လ (၃)ရက်နေ့ညမှာ တပြိုင်တည်းဖမ်းခဲ့ပါတယ်။ အလားတူပဲ ဇွန်လ (၃)ရက်က အဖမ်းခံခဲ့ရတဲ့၊ မိုးကုတ်မြို့က မြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစံလင်း၊ ဒုဥက္ကဋ္ဌ ဦးကျော်ရိန်နဲ့ တွဲဖက်ဒုဥက္ကဋ္ဌ ဦးကိုကိုတို့ကိုလည်း ဇန်နဝါရီလ (၁၆)ရက်နေ့က ပြန်လွှတ်ပေးလိုက်ပြီလို့ မိုးကုတ် အန်အယ်လ်ဒီအဖွဲ့ဝင် တစ်ဦးကပြောပြပါတယ်ရှင်။